# (၂၇) ကြိမ်မြောက် သာမန်တနင်္ဂနွေနေ့။

**ပထမကျမ်း။**

**"ဖြောင့်မတ်သောသူသည်မိမိယုံကြည်ခြင်း၌ အသက်ရှင်၏"**

***ပရောဖက်ဟာဗကုတ်အနာဂတ္တိကျမ်း - ၁၊ ၂ မှ၃ နှင့်၂။ ၂ မှ ၄။***

အိုသခင်ကိုယ်တော်နားညောင်းတော်မူသည့်တိုင်အောင် မည်မျှလောက်ကျွန်ုပ်အော်ဟစ်ရပါမည်နည်း။ ကိုယ်တော်ကယ်တင်တော်မူသည့်တိုင်အောင် မည်မျှလောက်ကိုယ်တော့်ထံသို့ အတင်းအဓမ္မကျွန်ုပ် ကြွေးကြော် ရပါမည်နည်း။ အဘယ်ကြောင့်ကျွန်ုပ်အား မကောင်းမှုများကိုပြတော်မူ၍ ဒုစရိုက်ကိုသာမြင်တော်မူပါသနည်း။ ကျွန်ုပ်၏ရှေ့မှောက်၌ အဓမ္မမှုနှင့် ပျက်စီးခြင်းတို့သာရှိပါ၏။ ငြင်းပွားမှုဖြစ်ပေါ်၍ မသင့်မတင့်မှုများပေါ်ပေါက် ကြ၏။ သခင်ဘုရားသည် ကျွန်ုပ်အားပြန်ဖြေလျက် ဖတ်သောသူသည် ပြေးနိုင်ရန်ဗျာဒိတ်ရူပါရုံကိုရေး၍ သင်ပုန်း ပေါ်မှာရှင်းလင်းပြလော့။ အကြောင်းမူကား ရူပါရုံသည်သတ်မှတ်သောအချိန်နှင့်ဆိုင်၏။ အဆုံးကာလသို့ရောက် ၍လှည့်ဖျားခြင်းနှင့်ကင်းလိမ့်မည်။ ကြာ၍နေလျှင်သူ့ကိုစောင့်ငံ့လော့။ အကြောင်းမူကား နှေးကွေးခြင်းမရှိဘဲ ဧကန်အမှန်ရောက်လာလိမ့်မည်။ ဖြောင့်မတ်သောနှလုံးသားမရှိသောသူသည် ချို့နဲ့လိမ့်မည်။ ဖြောင့်မတ်သော သူမူကားသူ၏ယုံကြည်ခြင်း၌အသက်ရှင်လိမ့်မည်ဟု မိန့်တော်မူ၏။ *ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်း ကျေးခြင်း။**

**ဆာလံ -၉၄၊**

သံပြိုင်။ ။ယနေ့သင်တို့သည် သခင်ဘုရား၏အသံကိုကြားသောအခါ သင်တို့၏နှလုံးများကို တင်းမာ၍မထား ကြလေနှင့်။

□ လာကြလော့၊ သခင်ဘုရားအား ရွှင်လန်းစွာတေးဆိုကြကုန်အံ့၊ ကျွန်ုပ်တို့၏ ကယ်တင်ရှင်အား ကျူးကြေကုန်အံ့။ ကျေးဇူးတင်လျက် ကိုယ်တော်၏ ရှေ့တော်သို့ဝင်ကြကုန်အံ့။ သီချင်းများဖြင့် ကိုယ်တော်အား ကျူးကြေစို့။ (သံပြိုင်)

□ လာကြလော့၊ ပျပ်ဝပ်ကြလျက်ကိုးကွယ်ကြစို့၊ ကျွန်ုပ်တို့ကို ဖန်ဆင်းတော်မူသောဘုရားရှေ့ တော်၌ဒူးထောက်ကြစို့။ အကြောင်းမူကား ကိုယ်တော်သည် ကျွန်ုပ်တို့၏ဘုရားသခင် ဖြစ်တော်မူ၍ကျွန်ုပ်တို့သည် ကိုယ်တော်၏ စားကျက်တွင် ကျက်စားသူများကိုယ်တော်၏ လက်တွင်ရှိသော သိုးစုဖြစ်ကြ၏။ (သံပြိုင်)

□ ယနေ့သင်တို့သည် ကိုယ်တော်၏ အသံကိုကြားသောအခါ သင်တို့၏နှလုံးများကို တင်းမာ၍ မထားကြလေနှင့်။ သင်တို့၏ဘိုးဘေးများတို့သည် သဲကန္တာရတွင် မတ်ဆာမေရိဘာ၌ ငါ၏လုပ်ဆောင်ချက်များကိုတွေ့မြင်ကြရသော်လည်း ငါ့ကိုစုံစမ်းကြသကဲ့သို့သင်တို့၏ နှလုံးများကို တင်းမာမထားကြလေနှင့်။ (သံပြိုင်)

**ဒုတိယကျမ်း။**

## "ကျွန်ုပ်တို့သခင်ကို သက်သေခံရန် မရှက်မကြောက်နှင့်။"

*မှန်မြတ်သောတပည့်တော်ကြီးသံပေါလူး၊ တိမောတေထံရေးသောစာ၊ ဒုတိယစာစောင်။ (၁၊ ၆ မှစနှင့် ၁၃ မှ၁၄)*

ချစ်သား

ကျွန်ုပ်၏လက်များတင်ခြင်းဖြင့် သင်ခံယူရရှိခဲ့သော ဘုရားသခင်၏ ကျေးဇူးတော် အရှိန်တိုးပွားစေရန်ကြိုး စားပါမည့်အကြောင်းသင့်အား ကျွန်ုပ်သတိပေးနှိုးဆော်ပါသည်။ အကြောင်းမူကား ဘုရားသခင်သည် ကြောက်တတ်သော စိတ်ကိုကျွန်ုပ်တို့အားပေးတော်မူသည်မဟုတ်၊ ရဲစွမ်းသတ္တိရှိသောစိတ်၊ ချစ်ခင်တတ်သောစိတ်၊ ချုပ်တည်းနိုင်သောစိတ်တို့ကိုပေးတော်မူသည်။ ထို့ကြောင့်ကျွန်ုပ်တို့သခင်ကို သက်သေခံရန်ဖြစ်စေ၊ ကိုယ်တော့်အတွက်ကြောင့်အကျဉ်းခံနေရသော ကျွန်ုပ်ကိုသက်သေခံရန်ဖြစ်စေ၊ မရှက်မကြောက်နှင့်။ ဘုရားသခင် ၏တန်ခိုးတော်ကိုအမှီပြု၍ ဧဝံဂေလိတရားတော်ကြောင့် ခံရအံ့သောဒုက္ခများပါဝင်ခံထမ်းပါလော့။ ယေဇူးခရစ္တ တူးသခင်၌ ရှိသောယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ ကျွန်ုပ်ထံမှသင်ကြားနာခံရသော မှားယွင်းခြင်းနှင့် ကင်းသောစကားများကို စံနမူနာထားပါလော့။ သင့်အားအပ်နှင်းထားသော သမ္မာတရားတော်ကို ကျွန်ုပ်တို့၌ ရှိတော်မူသောသန့်ရှင်းဝိညာဉ်တော်၏ ကူညီစောင်မတော်မူခြင်းကို အမှီပြုလျက်စောင့်ရှောက်ထိန်းသိမ်းပါလော့။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**အာလေလူယား။ (ပေတရူးဩဝါဒ-ပထမစောင် -၁၊ ၂၅)**

အာလေလူယား၊ သခင်ဘုရား၏ နှုတ်ကပါဌ်တော်သည် ထာဝရတည်တော်မူ၏။
သင်တို့အားဟောပြောခဲ့သော နှုတ်ကပါဌ်တရားတော်သည် ထိုနှုတ်ကပါဌ်တော်ပင်ဖြစ်သတည်း။
အာလေလူယား။

**ဧဝံဂေလိကျမ်း။**

## "သင်တို့သည်ယုံကြည်ခြင်းရှိခဲ့ပါမူ"

***သံလူကားရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၁၇၊ ၅ မှ၁၀)***

ထိုကာလ၌ တမန်တော်တို့က တပည့်တော်တို့၌ယုံကြည်ခြင်းတိုးပွားစေတော်မူပါဟု ဘုရားသခင် အားလျှောက် ကြ၏။ သခင်ဘုရားက သူတို့အားမိန့်တော်မူသည်ကား သင်တို့၌မုံညင်းစေ့လောက် မျှသောယုံ ကြည်ခြင်းရှိလျှင် ဤပိုးစာပင်အားသင်သည် အမြစ်နှင့်တကွနှုတ်၍ ပင်လယ်ထဲရွှေ့ပြောင်း၍
ဝ စိုက်လျက်နေ လော့ဟုသင်တို့ကဆိုကြသော် သင်တို့၏စကားကိုနားထောင်လိမ့်မည်။ လယ်ထွန်၍ဖြစ်စေ၊ ကျွဲနွားကျောင်း၍ဖြစ်စေ နေသောအစေအပါး သင်တို့၌ ရှိ၍ထိုသူသည် လယ်မြေကပြန်လာသောအခါ

သူ့အားချက်ခြင်းသွား ၍စားပွဲ၌ လျောင်း လော့ဟု ဆိုရမည့် သူသင်တို့ တွင် အဘယ်သူရှိသနည်း။ ငါ့ညစာစားပွဲကို ပြင်လော့။ ခါးကိုစီး၍ ငါစားသောက် စဉ်တွင်ငါလိုရာကို ရှက်ဆောင်လော့။ ထို့နောက်မှ သင်စားသောက်ရမည်ဟု သူ့အားဆိုမည်မဟုတ်လော့။ မိမိစေခိုင်းတိုင်းလုပ်သော ကြောင့်ထို အစေအပါး အား ကျေးဇူးတင်စရာရှိသလော။ငါမထင်။ထို့အတူသင်တို့သည် လည်း ပညတ်ထားတော်မူ သမျှကို ပြုကျင့်ပြီးမှ ငါတို့သည်အသုံးမကျသော အစေအပါးဖြစ်ကြ၏တကား။ ငါတို့၌ဝတ် ကျေရုံမျှသာပြုကြရ ပြီဟုဆိုကြလော့။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဠ်တော်ပေတည်း။*